ပုံစံ(၉)

# ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်

{ နည်းဥပဒေ ၁၇(ဃ) }

ခုံသမာဓိအဖွဲ့

ရန်ကုန်တိုင်းဒေသကြီး

ရန်ကုန်မြို့

အငြင်းပွားမှုအမှတ်( ၂၆ /၂၀၂၂ )

| | |
|---|---|
| အလုပ်သမား ဦးလှမျိုးနိုင်ပါ (၃၃၅)ဦး<br>ကမ္ဘောဇလမ်း၊ (၁၆)ရပ်ကွက်၊ ရှီးလေး၊<br>လှိုင်သာယာမြို့နယ်။<br>၀၉ – ၇၉၁ ၂၁၃ ၉၂၂ | နစ်နာ၍တောင်းဆိုသူ |

နှင့်

| | |
|---|---|
| Mr. Wu Congan ( အလုပ်ရှင် )<br>Sino Protection (Yangon) Non-Woven<br>Products Co.,Ltd ( ဆေးရုံတစ်ခါသုံးဝတ်စုံ )<br>ဦးရွှေဘင်လမ်း၊ ရွှေလင်ပန်းစက်မှုဇုန်၊<br>လှိုင်သာယာမြို့နယ်။<br>၀၉ – ၄၂၁ ၀၁၇ ၉၁၁ ၊ ၀၉ – ၂၆၇ ၁၇၀ ၀၀၁ | တောင်းဆိုခြင်းခံရသူ |

ရက်စွဲ ။ ၂၀၂၂ ခုနှစ်၊ ဇွန် လ ၂၄ ရက်

## ဆုံးဖြတ်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ပန်းစက်မှုဇုန်၊ ဦးရွှေဘင်လမ်းရှိ Sino Protection ( Yangon ) Non-Woven Products Co.,Ltd ( ဆေးရုံတစ်ခါသုံးဝတ်စုံ )၊ Mr. Wu Congan(အလုပ်ရှင်)နှင့် အလုပ်သမား ဦးလှမျိုးနိုင်ပါ(၃၃၅)ဦးတို့အကြား ဖြစ်ပွားသော အငြင်းပွားမှုကို လှိုင်သာယာမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့က လွှဲအပ်ခဲ့သဖြင့် ကြားနာစစ်ဆေး ဆုံးဖြတ်လိုက်သည်။

၂။ ဤခုံသမာဓိအဖွဲ့က တောင်းဆိုသူနှင့် တောင်းဆိုခြင်းခံရသူတို့၏ တောင်းဆိုလွှာ၊ ချေပလွှာနှင့် စစ်ဆေးခံချက်များအပေါ်အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်များရေးဆွဲပြီး ဆုံးဖြတ်လိုက်သည်။

အမှုဖြစ်စဉ်အကျဉ်းချုပ်

၃။ Sino Protection ( Yangon ) Non-Woven Products Co.,Ltd ( ဆေးရုံတစ်ခါသုံးဝတ်စုံ ) အလုပ်ရှင် Mr. Wu Congan နှင့် အလုပ်သမား ဦးလှမျိုးနိုင်ပါ (၄၀၆)ဦးတို့သည် ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့၊ အငြင်းပွားမှုအမှတ် (၄၇/၂၀၂၁)ဖြင့် ရောက်ရှိခဲ့သော်လည်း ထိုစဉ်က စက်ရုံပိတ်သိမ်းမှုမရှိ၍ အခွင့်အရေးဆိုင်ရာအငြင်းပွားမှုအဖြစ် ပြန်လည်လွှဲပြောင်းပေးပို့ခဲ့ပါသည်။ ယခုအငြင်းပွားမှုသည် အလုပ်ရှင် Mr. Wu Congan နှင့် အလုပ်သမား ဦးလှမျိုးနိုင်ပါ (၃၃၅)ဦးတို့အကြား (၁-၅-၂၀၂၂)ရက်နေ့တွင် စက်ရုံပြန်လည်ဖွင့်လှစ်မည်ပြောပြီး (၃-၅-၂၀၂၂)ရက်နေ့အထိ ပြန်လည်ဖွင့်လှစ်ခြင်းမရှိသဖြင့် ဥပဒေနှင့်အညီ နို့တစ်ကြေးနှင့် နစ်နာကြေးပေးရန်နှင့် စက်ရုံပြန်ဖွင့်ပါက အလုပ်ပြန်လည်ဝင်ရောက်လုပ်ကိုင်လိုကြောင်း တိုင်ကြားမှုအပေါ် လှိုင်သာယာမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့က (၄)ကြိမ် ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးခဲ့သော်လည်း စက်ရုံဖွင့်လှစ်မည့်ရက်တိကျစွာ မပြောနိုင်၍လည်းကောင်း၊ ဥပဒေနှင့်အညီ နစ်နာကြေးများပေးချေခြင်း မရှိ၍လည်းကောင်း ပြေလည်မှု မရရှိသောကြောင့် ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့သို့ လွှဲပြောင်းပေးပို့လာသော အငြင်းပွားမှုဖြစ်ပါသည်။

ကောက်ချက် ။ တောင်းဆိုသူ အလုပ်သမား ဦးလှမျိုးနိုင်ပါ (၃၃၅)ဦးအား အလုပ်ပြန်လည်ခန့်ထားရန် သင့် / မသင့် သို့မဟုတ် နို့တစ်ကြေးနှင့် နစ်နာကြေးပေးရန် သင့် / မသင့်။

တွေ့ရှိချက်

၄။ ယခုအငြင်းပွားမှုတွင် စက်ရုံသည် (၁-၁၀-၂၀၂၁)ရက်နေ့မှ (၂-၅-၂၀၂၂)ရက်နေ့အထိ လစာမဲ့ဖြင့် စက်ရုံယာယီပိတ်သိမ်းထားသော စက်ရုံဖြစ်ကြောင်း တွေ့ရှိရသည်။ Sino Protection ( Yangon ) Non-Woven Products Co.,Ltd ( ဆေးရုံတစ်ခါသုံးဝတ်စုံ )စက်ရုံယာယီပိတ်သိမ်းစဉ်က အလုပ်သမား (၄၀၆)ဦးရှိခဲ့ပြီး ယခုအငြင်းပွားမှုတွင် တိုင်ကြားသူ (၃၃၈)ဦးရှိခဲ့ပြီး အမည်မသိ (၃)ဦးသည် နစ်နာကြေးထုတ်ယူခဲ့သဖြင့် တောင်းဆိုသူ (၃၃၅)ဦးသာကျန်ရှိတော့ကြောင်း၊ ယခင် ခုံသမာဓိအမှုအမှတ် (၄၇/၂၀၂၁)အရ စက်ရုံအား(၁-၅-၂၀၂၂) ရက်နေ့တွင် ပြန်ဖွင့်မည်ဟု ပိုင်ရှင်ကထွက်ဆိုခဲ့သဖြင့် အလုပ်သမားများမှ အလုပ်လုပ်ကိုင်ရန် စောင့်ဆိုင်းခဲ့ရာ (၁-၅-၂၀၂၂)ရက်နေ့အထိ စက်ရုံဖွင့်လှစ်ခြင်းမရှိသဖြင့် အလုပ်သမားများမှ အလုပ်ပြန်လည်လုပ်ကိုင်လိုသဖြင့် တောင်းဆိုမှုပြုခဲ့ကြကြောင်း၊ အလုပ်သမားများသည် (၁၆-၇-၂၀၂၁)ရက်နေ့မှ (၁-၈-၂၀၂၁)ရက်နေ့မတိုင်မီအထိ လစာတစ်ဝက်ရရှိခဲ့ပြီး (၁-၈-၂၀၂၁) ရက်နေ့ နောက်ပိုင်းတွင် လစာမရရှိခဲ့ကြကြောင်း၊ အလုပ်ရှင်၏ ချေပလွှာအရ (၂၈-၆-၂၀၂၂)

ရက်နေ့တွင် ပြန်လည်ဖွင့်လှစ်မည်ဖြစ်ကြောင်းသိရှိရသဖြင့် ယခင်ပြန်ဖွင့်မည်ပြောသည့် (၁-၅-၂၀၂၂)ရက်နေ့မှ ပြန်လည်ဖွင့်လှစ်မည့်နေ့အထိ လုပ်ခလစာလိုချင်ကြောင်း၊ အလုပ်ရှင်၏တင်ပြချက်အရ (၂၀-၄-၂၀၂၂)ရက်နေ့တွင် တရုတ်ပညာရှင်(၆)ဦး ရောက်ရှိလာပြီဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါကြောင့် တရုတ်ပြည်၊ ရှန်ဟဲဆိပ်ကမ်းသည် လက်ရှိအချိန်အထိပိတ်ထားသဖြင့် ကုန်ပစ္စည်းများ မရောက်ရှိခဲ့ကြောင်း၊ (၁၆-၅-၂၀၂၂)ရက်နေ့မှ ရှန်ဟဲဆိပ်ကမ်းမှ ရန်ကုန်သို့ တင်ပို့ခဲ့ရာ (၃-၆-၂၀၂၂)ရက်နေ့တွင် ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိမည်ဖြစ်ပြီး (၃-၆-၂၀၂၂) ရက်နေ့မှ ထုတ်ယူရရှိမည်ဖြစ်သဖြင့် နှစ်ပတ်အကြာတွင် စက်ရုံပြန်လည် လည်ပတ်နိုင်မည်ဖြစ်ကြောင်း၊ ကွန်တိန်နာများရောက်ရှိပါက လုပ်ငန်းလိုအပ်သည့်ဌာနအလိုက် ဝန်ထမ်းဟောင်းများကို အပိုင်းလိုက်ပြန်လည်ခေါ်ယူကာ ခန့်ထားမည်ဖြစ်ကြောင်း၊ အလုပ်သမားများ တောင်းဆိုသော (၂-၅-၂၀၂၂)ရက်နေ့မှစ၍ ပြန်လည်လည်ဖွင့်လှစ်မည့်နေ့အထိ တောင်းဆိုသော လုပ်ခလစာကို အလုပ်ရှင်မှ မပေးနိုင်ကြောင်း၊ လုပ်ခလစာဆိုသည်မှာလည်း အလုပ်လုပ်ကိုင်သည့်ကာလအတွက်သာ အလုပ်ရှင်မှ ထုတ်ပေးရန်တာဝန်ရှိကြောင်း၊ သို့ရာတွင် အခြေအနေအရပ်ရပ်ကြောင့် စက်ရုံပိတ်ထားခဲ့ရသဖြင့် အလုပ်ရှင်နှင့် အလုပ်သမား နှစ်ဖက်စလုံး နစ်နာမှုရှိခဲ့သော်လည်း အလုပ်သမားများ အခက်အခဲအတွက် ငွေကြေးတစ်စုံတစ်ရာ ထောက်ပံ့သင့်ကြောင်း၊ အမှုဖြစ်စဉ်အတွက် (၂-၆-၂၀၂၂)ရက်နေ့တွင် ခုံသမာဓိအဖွဲ့က အလုပ်ရှင်၊ အလုပ်သမားများအား ပထမအကြိမ် ကြားနာစစ်ဆေးစဉ် (၁၀-၆-၂၀၂၂)ရက်နေ့တွင် စက်ရုံပြန်လည်ဖွင့်လှစ်မည်ဖြစ်ကြောင်းသိရသဖြင့် အမှန်တကယ်ဖွင့်လှစ်ခြင်း ရှိ / မရှိ သိရှိလို၍ (၂၀-၆-၂၀၂၂) ရက်နေ့တွင် ဒုတိယအကြိမ် ထပ်မံစစ်ဆေးခဲ့ရာ အလုပ်ရှင်မှ (၂၀-၆-၂၀၂၂)ရက်စွဲပါစာဖြင့် (၁၃-၆-၂၀၂၂)ရက်နေ့တွင် လုပ်သား(၄၈)ဦးဖြင့် စက်ရုံပြန်လည်ဖွင့်လှစ်ကြောင်း တင်ပြစာအား သက်ဆိုင်ရာ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၊ လူမှုဖူလုံရေးအဖွဲ့၊ အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၊ စက်မှုဇုန်ရုံးနှင့် ခုံသမာဓိအဖွဲ့တို့ထံ ပေးပို့တင်ပြခဲ့သည်ကို တွေ့ရှိရပြီး အလုပ်သမားများမှလည်း စက်ရုံပြန်လည်ဖွင့်လှစ်သည်မှာ မှန်ကန်ကြောင်း ထွက်ဆိုထားသည်ကို စစ်ဆေးတွေ့ရှိရပါသည်။

သုံးသပ်ချက်

၅။ ယခုအငြင်းပွားမှုတွင် စက်ရုံသည် ကိုဗစ်-၁၉ ရောဂါအခြေအနေ၊ နိုင်ငံရေးအပြောင်းအလဲများကြောင့် (၁)နှစ်ကျော် ပိတ်သိမ်းပြီးမှ ပြန်လည်ဖွင့်လှစ်နိုင်သည့် အခြေအနေဖြစ်ကြောင်း သုံးသပ်တွေ့ရှိသည်။ အလုပ်ရှင်အနေဖြင့် စက်ရုံပြန်လည်ရှင်သန်ရပ်တည်နိုင်ရန် ကြိုးစားပြီးဖွင့်လှစ်ရခြင်းဖြစ်သကဲ့သို့ အလုပ်သမားများအနေဖြင့်လည်း စားဝတ်နေရေး အခက်

အခဲများကြောင့် အချို့သောအလုပ်သမားများသည် အခြားသောအလုပ်များကို ရှာဖွေလုပ်ကိုင်ရသည့်အတွက် ယခင် တောင်းဆိုစဉ်က အလုပ်သမားများထက် လျော့နည်းသွားသော်လည်း အလုပ်ပြန်လည်လုပ်ကိုင်ရန် စောင့်ဆိုင်းနေရသူများလည်းရှိကြောင်း သုံးသပ်ရရှိပါသည်။

၆။ စက်ရုံပြန်လည်ဖွင့်လှစ်သည့်အတွက် အမှန်တကယ်အလုပ်လုပ်ရန် စောင့်ဆိုင်းနေသော အလုပ်သမားများအား အလုပ်ပြန်လည်ခန့်ထားရန် အလုပ်ရှင်တွင် တာဝန်ရှိပေသည်။ ထို့ကြောင့် ခုံသမာဓိဆုံးဖြတ်ချက်ကို ရရှိသည့်နေ့မှစ၍ အလုပ်သမား(၃၃၅)ဦးအား အမြန်ဆုံး ဆက်သွယ်အကြောင်းကြားပြီး (၇)ရက်အတွင်း အလုပ်ပြန်ခန့်ရန်လိုအပ်ပြီး အလုပ်သမားများအား အလုပ်ပြန်လည်ဝင်ရောက်ရေး အသိပေးစာကို စက်ရုံအဝင်ဝတွင် ဗီနိုင်းဖြင့်လည်းကောင်း၊ သက်ဆိုင်ရာ အလုပ်သမားဌာနများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးများသို့ အသိပေးအကြောင်းကြား တင်ပြသင့်ကြောင်း၊ ကြားကာလနစ်နာကြေးအဖြစ် လုပ်ငန်းခွင် ပြန်လည်ဝင်ရောက်သည့် အလုပ်သမားများအား လုပ်ငန်းခွင်ဝင်ရောက်သည့် ပထမဆုံးလစာတွင် အလုပ်သမားတစ်ဦးလျှင်ငွေ ကျပ် ၅၀,၀၀၀/- တစ်လုံးတည်းပေါင်းပေးရန်လို လိုအပ်ကြောင်း၊ အလုပ်ရှင်သည် မည်သည့်အခက်အခဲရှိစေကာမူ အလုပ်ပိတ်ထားသော ယာယီကာလတွင် အလုပ်သမားများ အခက်အခဲကြောင့် ယာယီပိတ်ထားသောကာလအတွက် ကြားကာလနစ်နာကြေးအဖြစ်ငွေ ကျပ် ၅၀,၀၀၀/- ပေးရန် ဆုံးဖြတ်ခြင်းဖြစ်ကြောင်းနှင့် စက်ရုံပြန်လည်ဖွင့်လှစ်ပြီး အလုပ်ပိတ်ခြင်းမဟုတ်သည့်အတွက် စက်ရုံပိတ်နစ်နာကြေးပေးရန် မလိုကြောင်း သုံးသပ်သည်။

**ဆုံးဖြတ်ချက်** ။

(က) တောင်းဆိုသူ အလုပ်သမား ဦးလှမျိုးနိုင်ပါ (၃၃၅)ဦးအား ဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှ (၇)ရက်အတွင်း မူလရာထူး၊ မူလလစာ၊ မူလနေရာအတိုင်း ပြန်လည်ခန့်ထားရန်နှင့် ကြားကာလနစ်နာကြေးအား တစ်ဦးလျှင်ငွေ ကျပ် ၅၀,၀၀၀/- နှုန်းဖြင့် အလုပ်ပြန်လည်ဝင်ရောက်လုပ်ကိုင်သည့် ပထမဦးဆုံးလစာတွင် တစ်လုံးတည်း ထည့်သွင်းထုတ်ပေးရန် ဆုံးဖြတ်သည်။

(ခ) အလုပ်ရပ်စဲမှုနစ်နာကြေးပေးရန် မလိုကြောင်း ဆုံးဖြတ်သည်။

ဤဆုံးဖြတ်ချက်သည် အထက်တွင် ဖော်ပြထားသော နေ့ရက်မှစ၍ အာဏာတည်စေရမည်။

၇။ တောင်းဆိုသူအားပေးရန်ရှိသောငွေများကို ဤဆုံးဖြတ်ချက်ချမှတ်သည့် နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်းပေးရမည်။

မှတ်ချက်။ (၁) ခုံသမာဓိအဖွဲ့၏ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့ရက်မှ ခုနစ်ရက်အတွင်း ခုံသမာဓိကောင်စီ၏ အဆုံးအဖြတ်ခံယူရန် အငြင်းပွားသူတစ်ဖက်ဖက်မှ လျှောက်ထားနိုင်သည်။

(၂) မှတ်ချက် (၁) ပါအတိုင်း ဆောင်ရွက်ခြင်းမပြုလုပ်လျှင် ဆုံးဖြတ်ချက်များကို သတ်မှတ်သည့်နေ့ရက်အတွင်း နှစ်ဖက်စလုံးက လိုက်နာဆောင်ရွက်ရမည်။

(ဇင်ကေသွယ်)
အတွင်းရေးမှူး

(လွင်လွင်မြင့်)
ဥက္ကဋ္ဌ

(ကျော်ရှိဦး)
အဖွဲ့ဝင်

(ကျင်အေး)
အဖွဲ့ဝင်

(ဒေါက်တာခင်မောင်အေး)
အဖွဲ့ဝင်

( လစ်လပ် )
အဖွဲ့ဝင်

(မြင့်အောင်)
အဖွဲ့ဝင်

(ကျော်ဇေယျ)
အဖွဲ့ဝင်

(စောတင်)
အဖွဲ့ဝင်

( လစ်လပ် )
အဖွဲ့ဝင်

(ကျင်သိန်း)
အဖွဲ့ဝင်